## BBC Burmese Service မှ ENC ၏ **ထုတ်ပြန်ကြေငြာချက်နှင့်ပတ်သက်၍**
## ENC **အထွေထွေအတွင်းရေးမှူးဒေါက်တာလျန်မှုန်းဆာခေါင်းအား ဆက်သွယ်မေးမြန်းချက်။**

မြန်မာနိုင်ငံက တိုင်းရင်းသားပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေ စုပေါင်းဖွဲ့စည်းထားတဲ့ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ကတော့ ဒေါ်အောင်ဆန်းစုကြည်အနေနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ကမ်းလှမ်းချက်ကို လက်ခံစဉ်းစားဖို့ တိုက်တွန်းလိုက်ပါတယ်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီက နအဖဘက်မှ ကြိုတင်စည်းကမ်းသတ်မှတ်ထားရက်နှင့် ဒေါ်အောင်ဆန်းစုကြည်က လက်ခံသင့်တယ်လို့ဆိုချင်တာပါလား။ ENC ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာလျန်မှုန်းကို ဆက်သွယ်ပြီးမေးကြည့်ခဲ့တော့

**ဒေါက်တာလျန်ဆာခေါင်း။** ။ သူတို့က ဒီလို Conditions တွေချပြီးတော့လာပြောတာကတော့ ကျနော်တို့ အကောင်းအနေနဲ့ မမြင်ပါဘူး။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်တွေလုပ်မယ်ဆိုရင်တော့ ဒါသူတို့အနေနဲ့ နည်းပေါင်းစုံနဲ့ တွေ့ဆုံဆွေးနွေးပွဲ မဖြစ်အောင် နည်းလမ်းရှာတာများလားဆိုပြီးတော့ စဉ်းစားစရာရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကိုယ်တိုင်က ကြိုတင်စည်းကမ်းသတ်မှတ်ချက် ထားတာကတော့ မကောင်းပါဘူးလို့ပြောပါတယ်။ ကျနော်တို့လည်းဒီလိုပဲမြင်ပါတယ်။ ဒါပေမယ့် ကျနော်တို့ဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တွေ့ဆုံဆွေးနွေးသင့်တယ်လို့ပြောတဲ့နေရာမှာ ကြိုတင်စည်းကမ်းကန့်သတ်ချက်များကို လက်ခံရမယ်လို့ ပြောချင်တာမဟုတ်ပါဘူး။ အဲဒီကြိုတင်စည်းကမ်းသတ်မှတ်ချက်တွေကို အဖြေရှာဖို့ လိုအပ်နေတဲ့ပြဿနာထဲမှာ ပါနေပါတယ်။ ဆိုတော့ ဒီအချိန်မှ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နအဖဘက်ကရော၊ NLD ဘက်ကရော၊ ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအားလုံးဘက်ကရော အားလုံးကသိပြီးတော့ ပြောသင့်တာကဘာလဲဆိုရင် ကြိုတင်စည်းကမ်းသတ်မှတ်ချက်တွေကို ဆွေးနွေးနိုင်ဖို့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူတယောက်တည်း အဲဒီအဖြေကိုပေးဖို့ အခက်အခဲရှိနေတယ်။ အဲဒီအတွက်ကြောင့် ပထမအနေနဲ့ ကြိုတင်စည်းကမ်းသတ်မှတ်ချက်တွေကို ဘယ်လိုတုန့်ပြန်မလဲဆိုတဲ့ ဆွေးနွေးပွဲလုပ်နိုင်ဘို့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ခေါင်းဆောင်များ တွေ့ဆုံပွဲလုပ်သင့်တယ်။

ဘီဘီစီ။ ။ တိုင်းရင်းသားလူမျိုးများကောင်စီက အမြဲတမ်းတောင်းဆိုခဲ့တဲ့ သုံးပွင့်ဆိုင် (Tripartite) ကကော ဘယ်လိုဖြစ်သွားမလဲခင်ဗျ။ အခုဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖခေါင်းဆောင်နဲ့အရင်ဆုံးတွေ့ရမယ်။ နောက်မှ Tripartite က လိုက်လာမယ်ဆိုတဲ့သဘောလား။

**ဒေါက်တာလျန်ဆာခေါင်း။** ။ အခုတောင်းဆိုတဲ့အထဲမှာ– ဗိုလ်ချုပ်မှူးကြီးသန်းရွှေတောင်းဆိုတဲ့အတိုင်းဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖအရင်တွေ့ဆုံပါ၊ ဆွေးနွေးပါ။ ပြဿနာကိုတွေ့ဆုံပြီးတော့ ဖြေရှင်းပါဆိုပြီးလက်ခံပြီးတော့မှ ဒီ Statement ကိုထုတ်တာဖြစ်ပါတယ်။ ဒါပေမယ့် တွေ့ဆုံဆွေးနွေးပွဲဆိုတာ တပွဲတည်းနဲ့ပြီးသွားတဲ့ကိစ္စမဟုတ်ဘူး။ ကျနော်တို့ အနှစ် (၅၀) ပြဿနာကြီးဖြေရှင်းဘို့ဆိုရင် ဖြစ်စဉ်တခု (Process) တခုလိုအပ်တယ်လို့ ကျနော်တို့အဲဒီလိုမြင်ပါတယ်။ တွေ့ဆုံဆွေးနွေးပြီးတော့ ကျနော်တို့ Process ကိုတဖြည်းဖြည်း မြန်ဆန်အောင်၊ တဖြည်းဖြည်းနဲ့ပြည့်စုံအောင်လုပ်သွားရင်း၊ လုပ်သွားရင်းနဲ့ သုံးပွင့်ဆိုင်အသွင်ဆောင်တဲ့ တွေ့ဆုံဆွေးနွေးရေးပွဲတော့ ဖြစ်ကိုဖြစ်လာလိမ့်မယ်လို့ ကျနော်တို့ အဲဒီလိုမြင်ပါတယ်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဟာ ပြည်ထောင်စုပြဿနာတခုလုံးကိုဖြေရှင်းတဲ့နေရာမှာ အဆင့်တခုမှာ ရှိကိုရှိရမယ်လို့ ကျနော်တို့အဲဒီလိုသုံးသပ်ပါတယ်။

ဘီဘီစီ။ ။ တိုင်းရင်းသားလူမျိုးများကောင်စီက မြန်မာနိုင်ငံတွင်းမှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေရယ်၊ တွေ့ဆုံဆွေးနွေးရေးပွဲတွေကိုပေ့ါနော်၊ နိုင်ငံတကာဘက်ကလည်း ဆက်ပြီးတော့ ကူညီပါလို့ပြောထားတာ တွေ့ရပါတယ်။ ဆိုတော့ အခုလက်ရှိမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ တွေ့ဆုံဆွေးနွေးပွဲဖြစ်ရင်ကော နိုင်ငံတကာက နေပြီးတော့ ဝင်ပြီးကြီးကြပ်ဖို့ကောလိုတယ်လို့ကော တိုင်းရင်းသားလူမျိုးများကောင်စီက ယူဆပါလား ခင်ဗျ။

**ဒေါက်တာလျန်ဆာခေါင်း။** ။ အမှန်စင်စစ်က နအဖစစ်အစိုးရကလည်းပဲ ရိုးရိုးသားသားနဲ့ ဒီပြဿနာကို ဖြေရှင်းချင်တယ်ဆိုတဲ့ သူတို့စိတ်ထားကိုဖော်ပြမယ်၊ ပြီးတော့တွေ့ဆုံဆွေးနွေးပွဲကိုလည်း သူတို့ကျယ်ကျယ်ပြန့်ပြန့်လုပ်မယ်၊ ပွင့်ပွင့်လင်းလင်းလုပ်မယ်။ ပြီးတော့ နိုင်ငံရေးပရိယာယ် မသုံးဘူး။ ပြီးတော့ အချိန်မဆွဲဘူး။ သတ်မှတ်ထားတဲ့ ဘောင်ကာလအတွင်းမှာ ကျနော်တို့အားလုံးဝိုင်းလုပ်မယ်ဆိုတဲ့သဘောမျိုးနဲ့ ကမ်းလှမ်းတယ်ဆိုရင် နအဖရဲ့ရိုးသားမှုအပေါ်မှာ မူတည်ပါတယ်။ ကျနော်တို့ဟာနဲ့ ကျနော်တို့ဖြေရှင်းလို့ရပါတယ်။ နှစ်ပေါင်း (၅၀) အတွေ့အကြုံအရ တဘက်မှာ ကမ်းလှမ်းလိုက်၊ တဘက်မှာ ပြန်ရုပ်သိမ်းသွားလိုက်နဲ့ တဘက်မှာရှိနေတဲ့အတွက်ကြောင့် နိုင်ငံတကာ ပါဝင်ပက်သတ်မှုလိုအပ်တယ်လို့ပြောတာ ဖြစ်ပါတယ်။

ဘီဘီစီ။ ။ ဒါကတော့ ပြည်ပအခြေစိုက် တိုင်းရင်းသားလူမျိုးများကောင်စီရဲ့အထွေထွေအတွင်းရေးမှူး ဒေါက်တာလျန်မှုန်းဆာခေါင်းက သူရဲ့အမြင်ကို ပြောသွားတာဖြစ်ပါတယ်။